ပြည်ထဲရေး

# ပြည်ထဲရေး သတင်းလွှာ

အတွဲ (၁၉)၊ အမှတ် (၄) ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme-WFP) ၏ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ် (Chief Operation Officer) Mr. Carl Johan OrreniusSkau ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် **(World Food Programme-WFP)**၏ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ် **(Chief Operation Officer) Mr. CarlJohan OrreniusSkau** ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၁၂-၃-၂၀၂၄ ရက်နေ့၊ ၁၁ ၀၀ အချိန်တွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးတို့မှလည်းကောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် **(World Food Programme-WFP)**၏ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ်နှင့်အတူ **WFP** ၏ အာရှပစိဖိတ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး **Mr. John Aylieff**၊ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် **Mr. Stephen Anderson** အပါအဝင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် **(World Food Programme-WFP)**မှ ကိုယ်စားလှယ်များမှလည်းကောင်း ပါဝင်တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ်တို့သည် မြန်မာနိုင်ငံအတွင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် **(WFP)** အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေး (၁/၂၀၂၄) ကျင်းပပြုလုပ်**

စာ(၂)သို့

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာမြှင့်တင်ရေး သင်တန်းဖွင့်ပွဲကျင်းပ**

စာ(၇)သို့

**ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် မီးသတ်စခန်းမှူးသင်တန်းအမှတ်စဉ်(၂၃/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ**

စာ(၉)သို့

# မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး (၁/၂၀၂၄) ကျင်းပပြုလုပ်




မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေး(၁/၂၀၂၄)ကို ၁၉-၂-၂၀၂၄ ရက်နေ့ ၀၉၃၀ အချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်သော လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ စုစုပေါင်း(၂၈)ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးအား အစီအစဉ်(၆)ရပ်ဖြင့်ကျင်းပခဲ့ရာ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာစတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်ချက်များကို ဖော်ထုတ်ပြီး အားသာချက်များအဖြစ် ပြောင်းလဲနိုင်မည့် အကျိုးရလဒ်များ ရရှိနိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများကို အားထုတ်ကြိုးပမ်းဆောင်ရွက်နိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒုတိယဝန်ကြီးများဦးဆောင်သော လုပ်ငန်းကော်မတီများဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားအဆင့် (၅)နှစ်စီမံကိန်းများကို ၂၀၀၇ ခုနှစ်မှ စတင်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)ကို ရေးဆွဲပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင် ၂၀၂၃ ခုနှစ် လုပ်ငန်းစီမံချက်၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို ပြန်လည်သုံးသပ်ပါက ၂၀၂၃ ခုနှစ်အတွင်း လုပ်ငန်းကဏ္ဍ(၄)ရပ်ရှိ မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေး၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍပါ လုပ်ငန်းစဉ်များအား ၉၄ ရာခိုင်နှုန်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကဏ္ဍတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနည်းဥပဒေ(မူကြမ်း)နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာနည်းဥပဒေ(မူကြမ်း)တို့ကို အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များ ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်၍ လူကုန်ကူးမှုကိစ္စရပ်များကို ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးထားသည့်နိုင်ငံများ၊ လူကုန်ကူးမှုများ ဆက်စပ်ဖြစ်ပွားနေသောနိုင်ငံများနှင့် ပူးပေါင်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းကဏ္ဍတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆောင်ရွက်မှုများကို ပြည်သူလူထုထံရောက်ရှိစေရန် မီဒီယာပိုင်းကို အလေးထားဆောင်ရွက်နိုင်ခဲ့ပြီး အသိပညာပေးမှုများ၊ တားဆီးပြန်လွှတ်မှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာရွှေ့ပြောင်းလုပ်သားများ လူကုန်ကူးမခံရစေရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာပြီး အခက်အခဲဒုက္ခကြုံတွေ့နေရသည့် နိုင်ငံခြားသားများအား စုံစမ်းရှာဖွေ ကယ်တင်ပေးရန် သက်ဆိုင်ရာသံရုံးများ၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ အင်တာပိုလ်၏ **National Central Bureau (NCB)** လမ်းကြောင်းမှတစ်ဆင့် အကူအညီတောင်းခံလာမှုများကို ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကယ်တင်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားစွဲဆိုရေးလုပ်ငန်းကဏ္ဍတွင် လူကုန်ကူးမှုများအား စုံစမ်းဖော်ထုတ်စစ်ဆေးမှု၊ အမှုတည်ဆောက်မှု၊ တရားစွဲဆိုမှုများနှင့် ဥပဒေနှင့်အညီ ထိုက်သင့်သောပြစ်ဒဏ်များ ချမှတ်နိုင်ရေး တရားစွဲအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးစုံစမ်းစစ်ဆေးမှု နည်းပညာဆိုင်ရာ အသိပညာမြှင့်တင်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းကဏ္ဍတွင် လူကုန်ကူးခံရသူများကို ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်များရေးဆွဲပြီး လိုအပ်သည့်ပံ့ပိုးကူညီမှုများ၊ ညွှန်းပို့ကူညီမှုများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်၌ မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစသည့် လုပ်ငန်းကဏ္ဍကြီး(၄)ရပ်တွင် လုပ်ငန်းစဉ်(၆၂)ခုနှင့် လုပ်ငန်းဆောင်ရွက်ချက်(၁၆၉)ချက်ကို ထည့်သွင်းရေးဆွဲထားရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပြောင်းလဲဖြစ်ပေါ်လာသည့် လူကုန်ကူးမှုပုံစံအသစ်များ၊ လူကုန်ကူးမှုလမ်းကြောင်းများ၊ နည်းပညာကိုအသုံးပြု၍ ကျူးလွန်လာသည့် နည်းပညာများအား ဖြေရှင်းဖော်ထုတ်နိုင်ရန် လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအပြင် လူကုန်ကူးမှုများကို တိုက်ဖျက်နှိမ်နင်းမည့် နည်းလမ်းများပါဝင်သော လုပ်ငန်းဆောင်ရွက်ချက်အသစ်များ ရေးဆွဲထားရှိကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာသည့် လုပ်ငန်းကော်မတီဝင်များမှ ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်တွင် ပါရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ကြပြီး အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးက ခြုံငုံသုံးသပ်ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ လုပ်နည်းလုပ်ဟန်သစ်များနှင့် နိုင်ငံတကာတွင် ကျင့်သုံးနေသော စံနှုန်းများအပေါ်မူတည်၍ ရေးဆွဲထားသောကြောင့် စီမံချက်ပါလုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်မည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို အကောင်းဆုံး ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို လုပ်ငန်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များမှ ညှိနှိုင်းဆွေးနွေးပြီး မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း(၂၀၂၂-၂၀၂၆)၏ မျှော်မှန်းရလဒ်တစ်ခု ထွက်ပေါ်လာသည်အထိ ဆောင်ရွက်ပေးစေလိုကြောင်းနှင့် လုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားခဲ့ပြီး ၁၁၄၅ အချိန်တွင် အစည်းအဝေးပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

## ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၈/၂၀၂၃) သင်တန်းဆင်းအခမ်းအနားပြုလုပ်

ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၈/၂၀၂၃) ရဲကျော်သူတပ်ခွဲ သင်တန်းဆင်းအခမ်းအနားကို ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဇဟိုခန်းမ၌ ၈-၃-၂၀၂၄ ရက်နေ့ ၀၈၀၀ အချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယကျောင်းအုပ်ကြီး ယာယီရဲမှူးကြီး ရွှေသန်းက ထူးချွန်သင်တန်းသား/သူများအား ဆုချီးမြှင့်ခြင်း၊ ရာထူးခန့်အပ်လွှာများ ပေးအပ်ခြင်းများဆောင်ရွက်ခဲ့ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားခဲ့ကြောင်း၊ အဆိုပါ အခမ်းအနားသို့ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ နည်းပြမှူးချုပ်၊ ဌာနမှူး(လေ့ကျင့်ရေး)၊ ဌာနမှူး(စာပေ)နှင့် ဌာနခွဲမှူးများ၊ ဇဟိုမီးသတ်သင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနခွဲမှူး၊ ကြီးကြပ်အရာရှိများနှင့် သင်တန်းသား/သူ ၁၆၃ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။







## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သူများအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်းသိရှိရသည့်အတွက် အုပ်ချုပ်ရေး အဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိပါသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ၉-၂-၂၀၂၄ ရက်နေ့မှ ၅-၃-၂၀၂၄ ရက်နေ့အထိ တရုတ်နိုင်ငံသား ၁၉၆၉ ဦး၊ ဗီယက်နမ်နိုင်ငံသား ၃၈ ဦး၊ ထိုင်းနိုင်ငံသား ၉၃ ဦး၊ အိန္ဒိယနိုင်ငံသား ၃၃ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား ၂၄ ဦးတို့ အပါအဝင် နိုင်ငံခြားသားစုစုပေါင်း ၂၂၀၁ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၅-၁၀-၂၀၂၃ ရက်နေ့မှ ၅-၃-၂၀၂၄ ရက်နေ့အထိ တရုတ်နိုင်ငံသား ၅၀၇၇၂ ဦးအပါအဝင် နိုင်ငံခြားသား စုစုပေါင်း ၅၂၈၂၀ ဦးကို စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။





## မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၁ ဒသမ ၆၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၁၃ ဒသမ ၆၈ ကီလို ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၂-၂-၂၀၂၄ ရက်နေ့ ၀၉၃၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်ချောကျေးရွာအနီးတွင် လားရှိုး-မန္တလေးသွား **AD VAN** ခရီးသည်တင်မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် လူမဲ့တန်ဆာ တင်ဆောင်လာသည့် စိတ်ပြောင်းဆေးဝါး **Happy Water** ၁၃ ဒသမ ၄၇ ကီလို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ၁၄-၂-၂၀၂၄ ရက်နေ့ ၁၃၀၀ အချိန်တွင် အဆိုပါစိတ်ပြောင်းဆေးဝါးများကို လားရှိုးမှ မြစ်ကြီးနားသို့ သယ်ဆောင်ရောင်းဝယ်သူများဖြစ်ကြသည့် ပြည့်ဖြိုးအောင်(ခ)ဆိုင်လျန်းအား မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ မြစ်ဖျားရော အဝေးပြေးကားဝင်းတွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း၊ ဇာနည်မျိုးနိုင်(ခ) ဇာနည်အား မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်တွင် စိတ်ပြောင်းဆေးဝါး **Happy Water** ၂၁၀ ဂရမ်၊ **LEXUS** မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း အသီးသီးဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၆၄ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး **Happy Water** ၁၃ ဒသမ ၆၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါး **Happy Water** များအား ရှမ်းပြည်နယ်မှ မန္တလေး၊ ၄င်းမှတစ်ဆင့် ကချင်ပြည်နယ်သို့ လူမဲ့တန်ဆာဖြင့် သယ်ဆောင်၍ **KTV/ CLUB/ BAR** နှင့် စားသောက်ဆိုင်များတွင် ရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၄င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ပြည်မြို့နယ်နှင့် မင်းလှမြို့နယ်တို့တွင် ငွေကျပ် ၃ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၅ သိန်း ဖမ်းဆီးရမိ






လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၃-၂-၂၀၂၄ ရက်နေ့ ၀၉၀၀ အချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ န၀ဒေးတံတားထိပ်တွင် ပြည်ဘက်မှ ပန်းတောင်းဘက်သို့ ယာဉ်မောင်း ဟိန်းပိုင်ဦး (ခ) သားညီ မောင်းနှင်လာသည့် **ISUZU Light Truck** မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် အိမ်သုတ်ဆေးပုံးများနှင့် **Compressor** လေအိုးတို့အတွင်း သိုဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ၁၉၃၀ အချိန်တွင် ပူးပေါင်းအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ပုသိမ်-မုံရွာသွားကားလမ်း၊ မိုင်တိုင်အမှတ်(၂၀၅)အနီးတွင် အောင်ကိုလတ်၊ ဇော်မြင့်(ခ) ရေခဲနှင့် လင်းလင်းထိုက်တို့ ၃ ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄ သိန်း၊ **Bighorn** မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ ၁၄-၂-၂၀၂၄ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ကျော်လှအား မင်းတုန်းမြို့၊ တည်းခိုခန်း၌လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၃ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရန်ကုန်တိုင်းဒေသကြီးမှ ရခိုင်ပြည်နယ် နယ်စပ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။


## မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်တွင် ငွေကျပ် ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း ဖမ်းဆီးရမိ





မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၅-၂-၂၀၂၄ ရက်နေ့ ၁၀၃၀ အချိန်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မရမ်းချောင်ကျေးရွာအနီးတွင် ဒိုက်ဦးမှ ဘားအံသို့ ခိုင်ဇော်ထွန်း မောင်းနှင်ပြီး နိုင်ဇော် နှင့် နန္ဒာထွန်းတို့လိုက်ပါလာသည့် **HYUNDAI MINI BUS** မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ၁၆-၂-၂၀၂၄ ရက်နေ့ ၀၄၀၀ အချိန်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ ဇော်မျိုးနိုင်(ခ) ဒညင်း အား ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးကျေးရွာရှိ ၎င်း၏နေအိမ်တွင် **HYUNDAI GRACE** မော်တော်ယာဉ် တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် ကရင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၏ အနောက်မြောက်ဘက် ၁၉၃ မိုင်ခန့်အကွာ ပင်လယ်ပြင်၌ ငွေကျပ် ၄၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၂၉၈ တန် ဖမ်းဆီးရမိ





တပ်မတော်(ရေ)မှ ၁၇-၂-၂၀၂၄ ရက်နေ့ ၂၁၀၀ အချိန်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၏ အနောက်မြောက်ဘက် ၁၉၃ မိုင်ခန့်အကွာ၊ ပင်လယ်ပြင်၌ မင်းထက်သာ-၃ အမည်ရှိစက်လှေအား သတင်းအရရှာဖွေရာ စက်လှေပေါ်မှ ငြိမ်းချမ်းလွင်၊ ကျော်လင်းထွန်း(ခ)ကျော်ကြီး၊ လှမြင့်ထွန်းနှင့် ရဲကျော်သူ(ခ)ကိုရဲ တို့ ၄ ဦးအား ဒေသကာလ တန်ဖိုးငွေကျပ် ၄၅ ဒသမ ၄၃ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၂၉၈ တန်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ပြီး ရန်ကုန်မြစ်ဝမှတစ်ဆင့် ပင်လယ်ရေကြောင်း အသုံးပြု၍ မလေးရှားရေပိုင်နက်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၇,၁၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၃ သိန်း ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၁-၂-၂၀၂၄ ရက်နေ့ ၁၄၃၀ အချိန်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ မကြီးရေကျေးရွာအနီးတွင် ရပ်စောက်မှ နောင်ချိုဘက်သို့ စိုင်းယီလှိုင်း မောင်းနှင်လာသည့် **TOYOTA HIACE** မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၇,၁၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၃ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။


## နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၇,၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သသိန်း ၉ သိန်းနှင့် စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄၈ ကီလို ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၈-၂-၂၀၂၄ ရက်နေ့ ၁၂၃၀ အချိန်တွင် နောင်ချိုမြို့၊ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် လားရှိုး-မန္တလေးပြည်ထောင်စုလမ်းမကြီးအတိုင်း ကျောက်မဲဘက်မှ နောင်ချိုဘက်သို့ မင်းမင်းကို မောင်းနှင်လာသော HYUNDAI GRAND STAREX မော်တော်ယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၇,၆၉၀ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၉ သိန်းနှင့် စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄၈ ကီလိုတို့အား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ၁၃၀၀ အချိန်တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ ကျော်သူအောင်အား နောင်ချိုမြို့နယ်၊ သဖန်းကိုင်ကျေးရွာအနီးတွင် NISSAN AD VAN မော်တော်ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့၍ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## မလေးရှားနိုင်ငံရေပိုင်နက်သို့ မူးယစ်ဆေးဝါးများသယ်ဆောင်မည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၄၅ ဒသမ ၂၈ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၅ တန်၊ လက်နက်/ခဲယမ်းများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ





တပ်မတော်(ရေ)မှ ၂၂-၁-၂၀၂၄ ရက်နေ့ ၁၅၃၀ အချိန်တွင် ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့အနီး ပင်လယ်ပြင်၌ အေးမြတ်အောင် စက်လှေကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ စက်လှေပေါ်တွင် မူးယစ်ဆေးဝါးများ လွှဲပြောင်းလက်ခံသယ်ဆောင်ရန် စောင့်ဆိုင်းနေသည့် ဇော်မင်းဦး၊ ကိုကိုဇော်၊ လွှမ်းအောင်၊ သူရစိုးနှင့် ထွန်းဦး တို့ ၅ ဦးအား တွေ့ရှိရ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာ ၂၆-၁-၂၀၂၄ ရက်နေ့တွင် အေးမြတ်အောင် အမည်ရှိ ပင်လယ်ပြင်သွား စက်လှေပိုင်ရှင် တင်ရှိန် နှင့် စိုးရန်နိုင်(ခ)နောင်နောင်အား ပုသိမ်မြို့တွင်လည်းကောင်း၊ ၂၈-၁-၂၀၂၄ ရက်နေ့၌ ငွေအောင်(ခ)ပေါက်စ အား ကျောင်းကုန်းမြို့နယ်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ၁၂-၂-၂၀၂၄ ရက်နေ့၌ နိုင်ဦး(ခ)မောင်မောင်လေး (ခ) လုဝင်းအား ပုသိမ်မြို့နယ်၊ ကုလားချောင်းကျေးရွာတွင် ဖမ်းဆီးရမိခဲ့ပြီး ယင်းနေ့ ၁၉၃၀ အချိန်တွင် ပုသိမ်မြို့နယ်၊ သမွန်ချိုင်ကျေးရွာရှိ တင်ထွန်း၏ ဂိုဒေါင်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၅ တန် သိမ်းဆည်းရမိခဲ့ကြောင်း၊ ဆက်လက်ဖော်ထုတ်ချက်များအရ ၁၃-၂-၂၀၂၄ ရက်နေ့ ၀၉၀၀ အချိန်တွင် ပုသိမ်မြို့နယ်၊ မကျီးဇင်ကျေးရွာတွင် ထွန်းလင်းနိုင်(ခ)ငလင်း၊ ဇော်ထွေးလွင်(ခ)ငတိုလေး၊ ရဲလွင်ကို(ခ)ရခိုင်လေး၊ ကျော်ဇင်ထက် နှင့် ကျော်မင်း တို့ ၅ ဦးအား အေးမြတ်အောင် စက်လှေပေါ်သို့ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များ တင်ဆောင်ပေးရန် စောင့်ဆိုင်းနေသည့် ကမ်းရိုးတန်းသွား စက်လှေတစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ ၁၄-၂-၂၀၂၄ ရက်နေ့ ၁၄၀၀ အချိန်တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အလယ်ကျွန်းရပ်ကွက်ရှိ အေးမြတ်အောင် စက်လှေပိုင်ရှင် တင်ရှိန်နှင့် မဇင်မာဌေးတို့၏ နေအိမ်မှ ပစ္စတိုသေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ၎င်းကျည် ၄၅ တောင့်၊ ၁၂ ဗို ပြောင်းချောကျည် ၂၃ တောင့်၊ မြန်မာငွေကျပ် သိန်း ၃၀၊ မော်တော်ယာဉ် ၂ စီးနှင့်လည်းကောင်း၊ တနင်္သာရီမြို့၊ ချောင်းငယ်ရပ်ကွက်ရှိ တင်ရှိန်၏ နေအိမ်မှ ပြောင်းချောသေနတ် ၁ လက်၊ ၁၂ ဗို ကျည် ၂၃ တောင့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ၁၄-၂-၂၀၂၄ ရက်နေ့၌ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား မန္တလေးမှ ပုသိမ်သို့ Dump Truck မော်တော်ယာဉ်နှင့် သယ်ဆောင်ခဲ့သည့် ကျော်ရဲမြင့်(ခ) ဖြိုးသူရနှင့် စိုးမောင်မောင်တို့အား ရေကြည်မြို့နယ်၊ ရေနံ့သာကျေးရွာတွင် အဆိုပါမော်တော်ယာဉ်နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ၁၆-၂-၂၀၂၄ ရက်နေ့၌ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို တာဝန်ခံသယ်ဆောင်သူ ရဲခေါင်ထွန်း ငှားရမ်းထားသည့် ပြည်ကြီးတံခွန်မြို့နယ်၊ (ည) ရပ်ကွက်၊ ၅၉ လမ်းနှင့် ၁၄၁ လမ်းထောင့်ရှိ ခြံဝင်းအတွင်းမှ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် Methylamine ၁၆၄၀၀ လီတာ၊ Sulphuric Acid ၁၂၀၀ လီတာ၊ Hydrochloric Acid ၅၆၀ လီတာ၊ Benzyl Cyanide ၁၂၄၀၀ လီတာတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များနှင့် ဓာတုပစ္စည်း စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၄၅ ဒသမ ၂၈ ဘီလီယံကျော်နှင့် ပင်လယ်ပြင်သွား စက်လှေ ၁ စီး၊ ကမ်းရိုးတန်းသုံး စက်လှေ ၁ စီး၊ မော်တော်ယာဉ် ၃ စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ရှမ်းပြည်နယ်မှ မန္တလေးသို့ သယ်ဆောင်၍ မန္တလေးတွင် သိုလှောင်ကာ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် မလေးရှားနိုင်ငံရေပိုင်နက်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် တရားမဝင်သိုလှောင်ထားသည့် ငွေကျပ် ၂ ဘီလီယံတန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၅ တန် ဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၃-၂-၂၀၂၄ ရက်နေ့ ၁၄၃၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၅၂ လမ်း၊ ၁၃၉ လမ်းထောင့်ရှိ ကျော်စိုး(ခ)အားလုံး ငှားရမ်းထားသည့် ဂိုထောင်အား သတင်းအရရှာဖွေရာ ဂိုထောင်အတွင်းမှ တရားမဝင်သိုလှောင်ထားသော ဆာလာအိတ် ၂၀၀ ဖြင့်ထည့်ထားသည့် ဒေသကာလတန်ဖိုးငွေကျပ် ၂ ဘီလီယံတန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၅ တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိကဖင်းများအား မန္တလေးတိုင်းဒေသကြီးမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## အလုံမြို့နယ်၌ အထက်တန်းရှေ့နေ(၁)ဦးကို ဝိုင်းဝန်းရိုက်နှက် ခုတ်ထစ်လုယူခံရမှုနှင့် ပတ်သက်၍ တရားခံ ကျား(၇)ဦးနှင့် အခြားအမှုမှ ဆက်စပ်တရားခံ(၃)ဦးတို့အား ဖမ်းဆီးရမိ

၅-၃-၂၀၂၄ ရက်နေ့ ၁၄၅၀ အချိန်တွင် အထက်တန်းရှေ့နေ ဦးနေလင်းအောင်သည် ကြည့်မြင်တိုင်မြို့နယ် တရားရုံးမှ အမှုစစ်ဆေးပြီး ၎င်းပိုင် 9C-3620 Toyota Celsior မော်တော်ယာဉ်ဖြင့်ပြန်လာစဉ် အလုံမြို့နယ်၊ ဆင်ရေကန်လမ်းအရောက်၌ 4E-7950 Probox ခဲရောင်(၄၁း)ယာဉ်က ဘေးမှပွတ်တိုက်ပြီး အဆိုပါယာဉ်ပေါ်မှ အမည်မသိလူ(၇)ဦး(စီစစ်ဆဲ) ဆင်းလာကာ **"မင်းလားကွ ကျော်ဝင်းစိန် အမှုလိုက်တဲ့ ရှေ့နေ နေလင်းအောင်လား"**ဟု မေးမြန်းပြီး သံတုတ်၊ ဓားရှည်များဖြင့် ဝိုင်းဝန်းရိုက်နှက်ခုတ်ထစ်၍ ပြတ်ရှဒဏ်ရာများ(စိုးရိမ်ရ)ရရှိပြီး ဦးနေလင်းအောင် ကိုင်ဆောင်လာသော Infinix Note 13 အမျိုးအစားလက်ကိုင်ဖုန်း၊ တန်ဖိုးငွေ(၇)သိန်းကျပ်အား လုယက်ယူဆောင်သွားသဖြင့် အရေးယူပေးပါရန် အထက်တန်းရှေ့နေ ဒေါ်အေးအေးမာမှ တရားလိုပြုလုပ်တိုင်တန်း၍ အလုံမြို့မရဲစခန်းတွင် (ပ)၅၄/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၅၊ ၃၉၇ ဖြင့် အမှုဖွင့်၍ စုံစမ်းလျက်ရှိပါသည်။

အမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သည့် တရားခံများအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် 4E-7950 Probox ခဲရောင်(၄၁း) ယာဉ်၏ယာဉ်မောင်းမှာ ကိုရဲ(ခ)ရဲကျော်လင်း ဖြစ်ကြောင်းသိရှိရပြီး ၎င်းအား ဖမ်းဆီးစစ်ဆေးဖော်ထုတ်ချက်အရလည်းကောင်း၊ အမာခံသတင်းပေးများ၊ ပတ်ဝန်းကျင်သက်သေများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော အကြမ်းဖက်မှု၊ ဓားပြတိုက်မှု၊ လုယက်မှုများကို မလိုလားသည့် ဒေသခံပြည်သူလူထု၏ လျှို့ဝှက်သတင်းပေးပို့ချက်အရ ပြစ်မှုကျူးလွန်သူများသည် YGN-13 2E-6732 Toyota Hilux Surf နက်/ပြာရောင် မော်တော်ယာဉ်(၁)စီး၊ YGN-43 3E-5925 Suzuki Swift အပြာရောင် မော်တော်ယာဉ်(၁)စီး၊ စုစုပေါင်း မော်တော်ယာဉ်(၂)စီးတို့ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ပဒ္ဓာရုံကျောင်းတိုက်ဝင်းအတွင်း၌ ရောက်ရှိတိမ်းရှောင်နေကြောင်း သတင်းရရှိ၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြပြီး စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ချိတ်ဆက်၍ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံများဖြစ်သော မျိုး(ခ)ကိုမျိုး(ခ)ရဲမျိုးသိန်းပါ (၆)ဦးနှင့်အတူ အခြားအမှုမှ ဆက်စပ်တရားခံ မျိုးမင်းနိုင်(ခ)အရှည်ကြီးပါ (၃)ဦး၊ စုစုပေါင်း(၉)ဦးအား



စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ၆-၃-၂၀၂၄ ရက်နေ့ ၁၃၄၅ အချိန်တွင် မော်တော်ယာဉ် (၂)စီး၊ ဓားရှည်(၅)ချောင်း၊ ဓားမြှောင်(၂)ချောင်း၊ လေးခွ(၁)လက်၊ သံကုန်းသီး (၄၂)လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူ မျိုး(ခ)ကိုမျိုး(ခ)ရဲမျိုးသိန်းသည် ကြည့်မြင်တိုင်မြို့မရဲစခန်း(ပ) ၂၂၅/၂၀၁၁၊ ရာဇသတ်ကြီးပုဒ်မ ၃၂၄/၃၂၃/၁၁၄၊ ဝေဘာဂီနယ်မြေရဲစခန်း(ပ) ၅၂၂/၂၀၁၁၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄ နှင့် ကမာရွတ်မြို့မရဲစခန်း (ပ)၂၂၉/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၂၆/၁၁၄ အမှုများနှင့် ထွက်ပြေးတိမ်းရှောင်နေသည့်အပြင် ငမျိုး(ခ)ကိုမျိုး(ခ)ရဲမျိုးသိန်း၊ ဥက္ကာနှင့် အောင်ကြီး(ခ)အောင်မြတ်မင်းတို့ (၃)ဦးသည် ကြည့်မြင်တိုင်မြို့မရဲစခန်း (ပ)၂၀၆/၂၀၂၃၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အမှုမှ သေဆုံးသူ ဦးကျော်ဝင်းစိန်အား သတ်ဖြတ်ရာတွင် အဓိက ဦးဆောင်သူများဖြစ်ကြောင်း သေဆုံးသူ၏ မိသားစုများထံမှ စွပ်စွဲခံထားရသူများဖြစ်၍ တရားခံများအား ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး အသေးစိတ်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၃,၉၀၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၉ ကီလို ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၃-၂-၂၀၂၄ ရက်နေ့ ၁၉၀၀ အချိန်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအနီးတွင် မိုင်းဆတ်မှတာချီလိတ်သို့ စိုင်းချစ်ဦးဝေ မောင်းနှင်ပြီး စိုင်းညွှန့်ရွှေ လိုက်ပါလာသည့် ISUZU အမျိုးအစား Box Truck မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၃,၉၀၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၉ ကီလို သိမ်းဆည်းရမိခဲ့ပြီး ယင်းနေ့ ၁၉၃၀ အချိန်တွင် သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် စိုင်းခမ်းလှ၊ စိုင်းဗီးနှင့် စိုင်းစံထွန်း(ခ)စိုင်းထွန်း(ခ)နော့်ထွန်းတို့အား CROWN မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့၍ စစ်ဆေးခဲ့ရာ တာချီလိတ်မြို့နယ်၊ ဝမ်လုံးကျေးရွာရှိ ဖမ်းမိတရားခံ စိုင်းစံထွန်း(ခ)စိုင်းထွန်း (ခ) နော့်ထွန်း ၏ နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၆၀ ဂရမ်ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ သိန်းကျော် ဖမ်းဆီးရမိ





လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁-၃-၂၀၂၄ ရက်နေ့ ၂၂၃၀ အချိန်တွင် ပုသိမ်မြို့နယ်၊ ချောင်းသာကျေးရွာအနီး သဲဖြူကျွန်းအနောက်မြောက်ဘက် ရေမိုင် ၅ မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် မသင်္ကာဖွယ်စက်လှေအား စစ်ဆေးခဲ့ရာ စက်လှေပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၅ ဒသမ ၂၄ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၂ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ၁၅၀၀ အချိန်တွင် ပူးပေါင်းအဖွဲ့သည် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မောင်မောင်လေး(ခ) သိန်းဝင်း အား ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ အမှတ်(၂)ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ၁၇၀၀ အချိန်တွင် ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ သဇင်ကျေးရွာတွင် စိတ်ကြွရူးသွပ်ဆေးပြားများ တင်ပို့ပေးခဲ့သူများဖြစ်ကြသည့် ဝင်းသိန်းထွန်း(ခ) နေသူနှင့် လင်းထွန်းဟန်(ခ)သားပု တို့ ၂ ဦး အား စက်လှေတစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ဝန်ထမ်းများအား ဝတ်စုံစရိတ်များ ထောက်ပံ့ပေးအပ်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ အစည်းအဝေးခန်းမ၌ ၁၅-၂-၂၀၂၄ ရက်နေ့၊ ၁၃ ၀၀ အချိန်တွင် ဝန်ထမ်းများအား ဝတ်စုံစရိတ်များ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများတက်ရောက်ခဲ့ပါသည်။ အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် ညွှန်ကြားရေးမှူးချုပ်က အသစ်ခန့်အပ်ထားသော အမှုထမ်းဝန်ထမ်း(၃၉)ဦးတို့အား တစ်ဦးလျှင် ကျပ် ၃၀,၀၀၀/-နှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁,၁၇၀,၀၀၀/- (ကျပ်တစ်ဆယ့်တစ်သိန်းခုနစ်သောင်းတိတိ) ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




## ဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ကြက်ဥနှင့် ဆီတို့အား ထောက်ပံ့ပေးအပ်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ကားပါကင်၌ ၂၃-၂-၂၀၂၄ ရက်နေ့၊ ၁၁ ၀၀ အချိန်တွင် ဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ကြက်ဥနှင့် ဆီတို့အား ထောက်ပံ့ပေးအပ်ပွဲ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းရွှေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း/အမှုထမ်း ဝန်ထမ်းစုစုပေါင်းအင်အား ၅၉၉ ဦး တို့အား တစ်ဦးလျှင် ကြက်ဥ ၁၀ လုံးနှင့် ဆီ ၅၀ ကျပ်သားနှုန်းဖြင့် စုစုပေါင်းတန်ဖိုး ၃,၂၃၄,၆၀၀/- (ကျပ်သုံးဆယ့်နှစ်သိန်းသုံးသောင်းလေးထောင့်ခြောက်ရာတိတိ) ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။





## ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာမြှင့်တင်ရေး သင်တန်းဖွင့်ပွဲကျင်းပ

ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆမားဒူဝါးဆင်ဝါးနော်ခန်းမ၌ ၁၃-၃-၂၀၂၄ ရက်နေ့၊ ၁၀၀၀ အချိန်တွင် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာမြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးညီညီလင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်း၊ ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်အတွင်းရှိ ရွှေလုပ်ငန်းလုပ်ကိုင်သူများ၊ ပြည်နယ်/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်းအင်အား ၁၆၄ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါသင်တန်းကို သင်တန်းသား ၁၃၀ ဦးဖြင့် ၁၃-၃-၂၀၂၄ ရက်နေ့တွင် ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သတင်းရရှိပါသည်။



## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း တစ်ရပ်ဖြစ်သည့် အဆောက်အအုံ မှတ်တမ်းတင်ခြင်းလုပ်ငန်း ပြုလုပ်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေး



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသ္သမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၌ ၂၄-၂-၂၀၂၄ ရက်၊ ၁၀ ၀၀ အချိန်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းတစ်ရပ်ဖြစ်သည့် အဆောက်အအုံ မှတ်တမ်းတင်ခြင်းလုပ်ငန်းပြုလုပ်နေမှုအခြေအနေအား တိုင်းဒေသကြီးသန်းခေါင်းစာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

## မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအား တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးမှ ကြည့်ရှုစစ်ဆေး





တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချို (ဒုတိယညွှန်ကြားရေးမှူးချုပ်)သည် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းများနှင့်အတူ ၇-၂-၂၀၂၄ ရက်နေ့၊ ၁၃၀၀ အချိန်တွင် မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအား ရုံးစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါသည်။ ထို့သို့ ရုံးစစ်ဆေးရာတွင် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးသည် ခရိုင်ရုံး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုံခြုံရေးကိစ္စရပ် လုပ်ငန်းဆောင်ရွက်မှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားခဲ့ပြီး အမှုတွဲဖိုင်များ စနစ်တကျဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် ရုံးပတ်ဝန်းကျင်သန့်ရှင်းလှပရေး ရှိ/မရှိတို့စစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ) အခမ်းအနားကျင်းပ

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ ရောဇ္ဇဝါခန်းမ၌ ၂၈-၂-၂၀၂၄ ရက်နေ့၊ ၁၅ ၀၀အချိန်တွင် ဝန်ထမ်းများ၏ ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ ကျင်းပ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ တိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ စုစုပေါင်းအင်အား ၂၀၆ဦး တို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးက တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်နှင့်ဆီများအား ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ချပြရှင်းလင်းပွဲကျင်းပ





စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ချင်းတွင်းခန်းမ၌ ၁-၃-၂၀၂၄ ရက်နေ့၊ ၁၀ ၀၀ အချိန်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ များ ချပြရှင်းလင်းပွဲကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆန်း၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်း စုစုပေါင်းအင်အား ၂၅၀ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးပွဲ တွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ ပြည်သူ့စစ်မှုထမ်းကာလအပိုင်းအခြား၊ ပြည်သူ့စစ်မှုထမ်းများ၏ ခံစားခွင့်များနှင့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း ဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မိုင်းယန်းမြို့နယ်၌ ကလပ်ပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရှမ်းပြည်နယ်၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်၊ ဟောကန်ရပ်ကွက်မြို့မအားကစားကွင်း၌ ၂၆-၂-၂၀၂၄ ရက်နေ့၊ ၁၅ ၀၀ အချိန်တွင် မိုင်းယန်းမြို့နယ်၌ ကလပ်ပေါင်းစုံ အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခေတ္တခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမန်ကိုဟော (ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အားကစားအသင်းများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ခေတ္တခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တတိယဆုရရှိသည့် ဟော်ကန်FC အသင်းအား ဆုဖလားနှင့်ငွေသားဆုငွေများချီးမြှင့်ခြင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပထမဆုရရှိသည့် စိုးကြီးFCအသင်းအား ဆုဖလားနှင့်ငွေသားဆုငွေများ ချီးမြှင့်ခြင်းနှင့် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များက နေရာအလိုက်နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ ကစားသမားများအား ဆုချီးမြှင့်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် မီးသတ်စခန်းမှူးသင်တန်းအမှတ်စဉ်(၂၃/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ





ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် မီးသတ်စခန်းမှူးသင်တန်းအမှတ်စဉ် (၂၀၂၃/၂၀၂၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၁၉-၂-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူက သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ မတ်လ ၂၉ ရက်နေ့အထိ ရက်သတ္တ(၆)ပတ်ကြာ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အရာရှိ သင်တန်းသား အင်အား(၄၇)ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်မီးသတ်ဦးစီးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မြို့နယ်မီးသတ်ဦးစီးမှူးသင်တန်းအမှတ်စဉ်(၁၆/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ





မြို့နယ်မီးသတ်ဦးစီးမှူး တာဝန်ထမ်းဆောင်မည့် တပ်ဖွဲ့ဝင်များအနေဖြင့် ဦး/ရေး/ထောက်/ငွေစာရင်းဆိုင်ရာလုပ်ငန်းများ ကျွမ်းကျင်မှုရှိစေရန်၊ အဆင့်မြင့်မီးသတ်ပညာရပ်များအား ကျွမ်းကျင်တတ်မြောက်စေရန်နှင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုဆိုင်ရာများအပြင် မီးသတ်ဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်လုပ်ငန်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ မြို့နယ်မီးသတ်ဦးစီးမှူးသင်တန်းအမှတ်စဉ်(၁၆/၂၀၂၄) ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ၂၃-၂-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ သင်တန်းဆင်းပွဲအခမ်းအနားသို့ မီးသတ်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို ၁၅-၁-၂၀၂၄ ရက်နေ့မှ ၂၃-၂-၂၀၂၄ ရက်နေ့အထိ ရက်သတ္တပတ် (၆)ပတ်ကြာ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ သင်တန်းသား (၅၀)ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ အရာရှိကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူမှ ဆုရထူးချွန်သူ သင်တန်းသားများအား ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တွင် ဇေယျလာဘသိဒ္ဓိနဂါးရုံဘုရား ဗုဒ္ဓဘိသေကအနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော် အကြိုအထိမ်းအမှတ်ပွဲ ပြုလုပ်ကျင်းပ

ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)၊ ဇီးပင်ကြီးကျေးရွာ၊ ရွာမရပ်တွင် ၁၄-၃-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်ခန့်က ဇေယျလာဘသိဒ္ဓိနဂါးရုံဘုရား ဗုဒ္ဓဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်အကြိုအထိမ်းအမှတ်ပွဲအဖြစ် ပထမအကြိမ် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားအား ပညာဇောတရုံကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏသီရိဆရာတော်နှင့် သံဃာတော် (၅)ပါးပင့်ဖိတ်၍ ပြုလုပ်ကျင်းပခဲ့ပြီး အခမ်းအနားသို့ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် အရာရှိကြီးများ၊ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## စမ်းချောင်းမြို့နယ်မီးသတ်စခန်းတွင် B.A Set အား ထိရောက်စွာကိုင်တွယ်အသုံးပြုနည်း လေ့ကျင့်ခန်းများပြုလုပ်ဆောင်ရွက်





မီးသတ်ဦးစီးဌာနသည် မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဟူသော စွမ်းရည်(၄)ရပ်အား အစဉ်ထက်မြက်စေရန် လေ့ကျင့်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်မီးသတ်စခန်းတွင်၂၇-၂-၂၀၂၄ ရက်နေ့၊ ၀၇ ၀၀ အချိန်ခန့်က တပ်ဖွဲ့ဝင်များအား မီးလောင်မှုကြီးများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် B.A Set အားထိရောက်စွာကိုင်တွယ်အသုံးပြုတတ်စေရန် ရည်ရွယ်၍ အပတ်စဉ်လေ့ကျင့်ခန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အမရပူရမြို့နယ်၊ ကမ္ဘဲ့ကျေးရွာ၊ စစ်ကိုင်း-မြစ်ငယ်(ဒွေးလမ်း)တွင် ဆီဘောက်ဆာယာဉ်မီးလောင်မှုဖြစ်ပွား

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကမ္ဘဲ့ကျေးရွာ၊ စစ်ကိုင်း-မြစ်ငယ်(ဒွေးလမ်း)တွင် ၁၀-၃-၂၀၂၄ ရက်နေ့၊ ၁၇ ၀၀ အချိန်ခန့်က **Asia Classical Land Co.,Ltd** (၈၀×၄၀)ပေ၊ **Steel Structure (Open Type)** ယာဉ်ရပ်နားသည့် နေရာတွင် **MDY-14 (4S/4421)DONG FENG** (၂၂)ဘီးယာဉ် ဆီဘောက်ဆာယာဉ်မှ ဒီဇယ်ဆီ(၄၀၀)ဂါလန်အား **MDY-14 (2N/4398) NISSAN DISEL** (၂၂)ဘီးယာဉ် ဆီဘောက်ဆာယာဉ်သို့ မြေစိုက်အပ်ကြိုးမချဘဲ ဆီဖလှယ်စဉ် တည်ငြိမ်သဘာဝလျှပ်စစ်ဖြစ်ပေါ်ကာ မီးလောင်မှုဖြစ်ပွားကြောင်း ၁၇ ၀၅ အချိန်သတင်းရရှိသဖြင့် မန္တလေးတိုင်းဒေသကြီးကွပ်ကဲမှုအောက်ရှိ မီးသတ်စခန်းများနှင့် အရန်မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ်(၃၀)စီး၊ မီးသတ်ရေသယ်ယာဉ် (၁၅)စီး၊ အုပ်ချုပ်မှုယာဉ်(၃)စီး၊ သန္နွေမီးသတ်တပ်ဖွဲ့ဝင်(၅၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၈၀)ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၈ ၂၄ အချိန် မီးငြိမ်းခဲ့ပါသည်။ မီးလောင်မှုကြောင့် ဆီလုပ်သား ဦးဖြိုးကိုကို မီးလောင်သေဆုံးခဲ့ပြီး ဂါလန်(၇၅၀၀)ဆံ့ ဆီဘောက်ဆာယာဉ်(၂)စီး မီးလောင်ခံရကာ (၈၀×၄၀)ပေ၊ **Steel Structure (Open Type)** ယာဉ်ရပ်နားသည့် အဆောက်အဦ (၁)လုံး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။



## ပျော်ဘွယ်မြို့နယ်၊ ယင်းတော်မြို့မကျေးရွာအုပ်စု၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မိုင်တိုင်အမှတ်(၂၉၇/၁)တွင် ဆီသယ်ယာဉ်မီးလောင်မှုဖြစ်ပွား




မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ယင်းတော်မြို့မကျေးရွာအုပ်စု၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မိုင်တိုင်အမှတ်(၂၉၇/၁)တွင် ၆-၃-၂၀၂၄ ရက်နေ့၊ ၀၆ ၄၅ အချိန်ခန့်က ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ထက်အာကာ စက်သုံးဆီကုမ္ပဏီပိုင် စက်သုံးဆီအောက်တိန်း **92 Ron** ၊ ဒီဇယ်၊ ပရီမီယံဒီဇယ် စုစုပေါင်းလီတာ (၄၀,၀၀၀) ခန့်တင်ဆောင်၍ ယာဉ်မောင်း ဦးမျိုးထွန်းနှင့် ယာဉ်အကူ ဦးဇင်မျိုးထွန်းတို့သည် လဲလှယ်မောင်းနှင်နေစဉ် ယာဉ်အကူ ဦးဇင်မျိုးထွန်းမောင်းနှင်လာသည့် ယာဉ်အမှတ် **(6H/1574) NISSAN** (အစိမ်းရောင်) ဆီသယ်ယာဉ်သည် ဘုန်းကျော်သာ စက်သုံးဆီဆိုင်ရှေ့တွင် ရှေ့ညာဘက်တာယာပွင့်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘယ်ဘက်ခြမ်းသို့ လဲကျတိမ်းမှောက်ပြီး မီးလောင်မှုဖြစ်ပွားကြောင်း ၀၆ ၄၆ အချိန် သတင်းရရှိသဖြင့် မန္တလေးတိုင်းဒေသကြီးကွပ်ကဲမှုအောက်ရှိ မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ်(၁၆)စီး၊ သန္နွေမီးသတ်တပ်ဖွဲ့ဝင်(၆၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၁၅)ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၀၇ ၃၀ အချိန် မီးငြိမ်းခဲ့ပါသည်။ မီးလောင်မှုကြောင့် **(6H/1574) NISSAN** (အစိမ်းရောင်) ဆီသယ်ယာဉ် (၁)စီးနှင့် ယာဉ်ပေါ်ပါ စက်သုံးဆီလီတာ (၄၀,၀၀၀)ခန့် မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။

## တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ အောင်သပြေရပ်ကွက်၊ နယ်မြေ(၃)တွင် လူ(၁)ဦး အပင်ပေါ်သို့တက်ရာမှ အောက်သို့ပြန်မဆင်းနိုင်မှုဖြစ်ပွား

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ အောင်သပြေရပ်ကွက်၊ နယ်မြေ(၃)တွင် ၈-၃-၂၀၂၄ ရက်နေ့၊ ၁၃ ၀၀ အချိန်ခန့်က ဦးသိန်းထွန်းလင်းသည် အမြင့် (၅၀)ပေခန့်ရှိသော တည်းပင်ပေါ်သို့ အပင်တက်ခုတ်ရာမှ ကြောက်လန့်၍ အောက်သို့ပြန်မဆင်းနိုင်မှုဖြစ်ပွားနေကြောင်း ၁၄ ၀၀ အချိန် သတင်းရရှိသဖြင့် ရွှေညောင်နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ သန္နွေ(၅)ဦးတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ၁၄ ၂၅ အချိန်တွင် ဦးသိန်းထွန်းလင်းအား သစ်ပင်ပေါ်မှ မြေပြင်ပေါ်သို့ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ကယ်ဆယ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။



## မြိတ်မြို့နယ်၊ ကန်ခေါင်းရပ်ကွက်၊ စကားဝါလမ်းသွယ်နံဘေးရှိ ရေတွင်းထဲသို့ ဆိတ်ပြုတ်ကျမှုဖြစ်ပွား



တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကန်ခေါင်းရပ်ကွက်၊ စကားဝါလမ်းသွယ်နံဘေးတွင် ၂၉-၂-၂၀၂၄ ရက်နေ့၊ ၁၃ ၁၇ အချိန်ခန့်က ရေတွင်းအကျယ်(၁၀)ပေ၊ အနက် (၃၅)ပေခန့်ရှိ ရေတွင်းအတွင်းသို့ (၁)လသားအရွယ် ဆိတ်အမ(၁)ကောင် ပြုတ်ကျမှုဖြစ်ပွားကြောင်း သတင်းရရှိခဲ့သဖြင့် မြိတ်မြို့နယ် မီးသတ်စခန်းမှ သူနာတင်ယာဉ်(၁)စီး၊ သန္နွေမီးသတ်တပ်ဖွဲ့ဝင်(၈)ဦးတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ၁၃ ၃၀ အချိန်တွင် အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကော့သောင်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ စည်ပင်သာယာပိုင်၊ ဆိပ်ကမ်းသာပန်းခြံရှိ အများပြည်သူနားနေဆောင်တွင် မြွေဝင်ရောက်မှုဖြစ်ပွား

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ စည်ပင်သာယာပိုင်၊ ဆိပ်ကမ်းသာပန်းခြံရှိ အများပြည်သူနားနေဆောင်တွင်၂-၃-၂၀၂၄ ရက်နေ့၊ ၁၇ ၂၀ အချိန်ခန့်က အရှည်(၆)ပေ၊ လုံးပတ်(၂)လက်မခန့်ရှိ စပါးကြီးမြွေဝင်ရောက်မှုဖြစ်ပွားကြောင်း ၁၇ ၂၀ အချိန်သတင်းရရှိခဲ့သဖြင့် ကော့သောင်းခရိုင်မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် သွားရောက်ဖမ်းဆီးခဲ့ရာ ၁၇ ၅၀ အချိန်တွင် ဘေးလွတ်ရာ(၄)မိုင်တောသို့ သွားရောက်လွှတ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ပူတာအိုမြို့နယ်၊ မူလာရှီးဒီချောင်းအတွင်း တောင်ကျရေများလျှံတက်မှုကြောင့် မြေထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်းရှိ လုပ်သားများအား ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်



ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ မူလာရှီးဒီချောင်းအတွင်း ၂၃-၂-၂၀၂၄ရက်နေ့၊ ၀၃ ၀၀ အချိန်ခန့်က တောင်ပေါ်တွင်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေများ လျှံတက်မှုဖြစ်ပွား၍ ချောင်းကမ်းပါးမြေထိန်းနံရံတည်ဆောက်ရေးလုပ်ငန်းရှိ လုပ်သား(၆)ဦးနှင့် ကလေးငယ်(၁)ဦး စုစုပေါင်း (၇)ဦးတို့သည် ရေလယ်သဲသောင်ပြင်ရှိ နေထိုင်ရာတဲအတွင်း ကျန်ရှိနေကြောင်း ၀၇ ၀၀ အချိန် သတင်းရရှိသဖြင့် ပူတာအိုခရိုင်နှင့် မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် (၁၄)ဦးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ရာ ၀၉ ၄၅ အချိန်ခန့်တွင် ကယ်ဆယ်နိုင်ခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိပါသည်။

## ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ စေတနာလမ်းရှိ နေအိမ်ခြံဝင်းထဲမှ ရေတွင်းထဲသို့ ကြောင်ပြုတ်ကျမှုဖြစ်ပွား

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ စေတနာလမ်းတွင် ၁၄-၃-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်ခန့်က အိမ်ရှင် ဦးကျောင်တင့်၏ နေအိမ်ခြံဝင်း အတွင်းရှိ အကျယ်(၅)ပေ၊ အနက်(၃၀)ပေခန့်ရှိသော ရေတွင်းထဲသို့ ကြောင်တစ်ကောင် ပြုတ်ကျမှု ဖြစ်ပွားကြောင်းသတင်းရရှိခဲ့သဖြင့် ထားဝယ်မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၉)ဦးတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်း များ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ၀၉ ၂၅ အချိန်တွင် အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မီးလောင်ဆုံးရှုံးမှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များ

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၁၆၃ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးအမျိုးအစားအလိုက် မီးဖိုမီး ၂၉ ကြိမ်၊ ပေါ့ဆမီး ၄၆ ကြိမ်၊ အလိုအလျောက်မီး ၁ ကြိမ်၊ လျှပ်စစ်မီး ၅၆ ကြိမ်၊ မသမာသူရှို့မီး ၁၀ ကြိမ်၊ တောမီး ၁၂ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၇ ကြိမ်ဖြစ်ခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၄၉၉ လုံးတွင် ဂိုဒေါင် ၅ လုံး မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၁၂၆၃ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ သေဆုံး ၁၁ ဦး၊ ဒဏ်ရာရ ၁၇ ဦးရှိခဲ့ပြီး ငွေကျပ် ၈၁၈ ဒသမ ၈၃၈ သန်းခန့်ဆုံးရှုံးခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ ၂ လတာကာလ အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၅၆ ကြိမ်၊ ပေါ့ဆမီး ၉၇ ကြိမ်၊ အလိုအလျောက်မီး ၂ ကြိမ်၊ လျှပ်စစ်မီး ၁၀၃ ကြိမ်၊ မသမာသူရှို့မီး ၂၀ ကြိမ်၊ တောမီး ၁၃ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၁၄ ကြိမ်၊ စုံစမ်းဆဲ ၂ ကြိမ် စုစုပေါင်း ၃၀၇ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၁၁၂၃ လုံးတွင် ဂိုဒေါင် ၁၀ လုံး မီးလောင်ခံခဲ့ရပြီး မီးဘေးသင့် ပြည်သူ ၃၃၀၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၂၁ ဦး သေဆုံး၊ ၂၇ ဦး ဒဏ်ရာရရှိကာ တိရစ္ဆာန် ၄၀၁ ကောင် သေဆုံးပြီး ငွေကျပ် ၂၀၅၃ ဒသမ ၄၁၈ သန်းခန့်ဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုများတွင် "မီးဖိုမီး၊ လျှပ်စစ်မီး၊ ပေါ့ဆမီး"များသည် အများဆုံးတွေ့ရှိရသော အချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီများမထားကြရန်နှင့် အိုမင်းမစွမ်းသူများ၊ ကလေးငယ်များအား မီးမွေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/နံရံအကြား လုံလောက်သော အပူခံ အကာအရံများ ထားရှိစေခြင်းဖြင့် မီးလောင်မှုမှ ကင်းဝေးစေမည်ဖြစ်ပါသည်။ မီးလောင်မှု မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး အတွက် မိမိတို့အိမ်တိုင်းတွင် ကနဦး လုပ်ဆောင်ရန်အနေဖြင့် နှစ်ကာလ ရှည်ကြာ၍ ဟောင်းနွမ်း ဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများလဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး(Fuse)များကို ဝန်နှင့်အား မျှတအောင် သုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများသုံးစွဲပြီးလျှင် (သို့မဟုတ်)လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း)ခလုတ်ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ်ငြိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် အချက်များအပေါ် လိုက်နာခြင်းအားဖြင့် မီးဘေးကာကွယ်ရေးအသိဖြင့် ကြိုတင်ဆောင်ရွက်စီမံထားရှိကြမည်ဆိုပါက "ပေါ့ဆမီး"ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများ လျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးမှု ၁ ကြိမ်၊ ယာဉ်တိုက်မှု ၁၁ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု ၁၃ ကြိမ်၊ ရေနစ်မြုပ်မှု ၂ ကြိမ်၊ မတော်တဆထိခိုက်မှု ၂ ကြိမ်၊ တိရစ္ဆာန်ကယ်ဆယ်မှု ၅ ကြိမ် စုစုပေါင်း ၃၄ ကြိမ်ဖြစ်ပွားခဲ့ပြီး ဒုက္ခသည် ၄၈ ဦးရှိခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် မတော်တဆထိခိုက်မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရှိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၁၄ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၈၁ ဦးတို့မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးသူ ၁၉ ဦးနှင့် ဒဏ်ရာရရှိသူ ၄၈ ဦး တို့အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်တန်း(Grade-12)စာမေးပွဲတွင် အကျဉ်းသား/သူများ စာမေးပွဲဝင်ရောက်ဖြေဆို

အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင် အသီးသီးတွင် ပညာတစ်ပိုင်းတစ်စဖြင့် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား/သူများ စာပေပညာများ ဆက်လက်သင်ကြားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း (Grade-12)စာမေးပွဲသို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၇ ဦးသည် အမှတ်(၁၃)၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ အင်းစိန်တွင် လည်းကောင်း၊ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၅ ဦး၊ အကျဉ်းသူ ၂ ဦး၊ ပေါင်း ၁၇ ဦးတို့သည် အမှတ်(၂၅)အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ မန္တလေးတွင် လည်းကောင်း ၁၁-၃-၂၀၂၄ ရက်နေ့မှ ၁၉-၃-၂၀၂၄ ရက်နေ့အထိ ဝင်ရောက်ဖြေဆိုခဲ့ရာ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများမှလာရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။





## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်ပါအတိုင်း ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိရာ ၈-၂-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်မီးသတ်တပ်ဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးပါ ၃၀ ဦးတို့မှ မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များအား လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခြင်း၊ မိသားစုနေအိမ်လိုင်းခန်းများအတွင်း လျှပ်စစ်မီးကြိုးများမှတစ်ဆင့်အပူလွန်ကဲ၍ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် လျှပ်စစ်မီး အသုံးပြုမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ မီးသတ်ဆေးဗူးအား စနစ်တကျအသုံးပြုနိုင်ရေးအတွက် ဝန်ထမ်းနှင့်မိသားစုဝင်များအား ရှင်းလင်းပြောကြားခြင်းများဆောင်ရွက်ခဲ့ပါသည်။ အလားတူ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ညောင်ဦးအကျဉ်းထောင်တို့တွင်လည်း သက်ဆိုင်ရာခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနများနှင့်ချိတ်ဆက်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။




## အစ္စလာမ်ဘာသာဝင်အကျဉ်းသား/သူ၊ အချုပ်သား/သူများ လမြတ်ရမ်ဇာန်ဥပုသ်လတွင် ဥပုသ်စောင့်ထိန်းခွင့်ပြု

အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင် အသီးသီးတွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူ၊ အချုပ်သား/သူများကို ၎င်းတို့၏ ယုံကြည်ကိုးကွယ်သည့်ဘာသာတရားအလိုက် လွတ်လပ်စွာ ဝတ်ပြုကိုးကွယ်ခွင့်၊ ဥပုသ်သီလစောင့်တည်ခွင့်များအား အကျဉ်းထောင်အတွင်း၌ စနစ်တကျခွင့်ပြုပေးလျက်ရှိရာ အကျဉ်းထောင်၊ အချုပ်ထောင် အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူ၊ အချုပ်သား/သူများအနက် အစ္စလာမ်ဘာသာ လမြတ်ရမ်ဇာန်ဥပုသ်လတွင် ဥပုသ်ဝင်လိုသော အကျဉ်းသား/သူ၊ အချုပ်သား/သူများအား လွတ်လပ်စွာ ဥပုသ်စောင့်ထိန်းခွင့်အား ၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့မှ စတင်၍ ဥပုသ်ဝါထွက်ချိန်အထိ ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် အစားအသောက်လှူဒါန်းမှုများကိုလည်း စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။




## ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မိုးညှင်းအကျဉ်းထောင်တွင် ကွင်းဆင်းဆေးကုသမှုပြုလုပ်



ကချင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မိုးညှင်းဗဟိုအကျဉ်းထောင်သို့ ၁၅-၂-၂၀၂၄ ရက်နေ့တွင် မိုးညှင်းခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထက်တန်းသူနာပြုဒေါ်နန္ဒာလှိုင် ဦးဆောင်သော ART ကုသရေးအဖွဲ့နှင့် ကမ္ဘာ့ဆရာဝန်များအဖွဲ့(ဟိုပင်)မှ ဒေါ်ဥမ္မာမြင့်(Nurse MDM Hopin)တို့မှ ပူးပေါင်း၍ HIV ၊ TB ရောဂါခံစားနေရသော အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ သွေးစစ်ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်းနှင့် စမ်းသပ်ကြည့်ရှုစစ်ဆေးပေးခဲ့ပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

# မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ ကျင်းပပြုလုပ်

**ရှမ်းပြည်နယ်**

၂၃-၂-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးယဉ်ကျော့မိုး၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အဝေရောကုန်းမြင့်သာယာ(မီးပုံးပျံကွင်း)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။




**မွန်ပြည်နယ်**

၂၃-၂-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်း ဦးဆောင်သော ဝန်ထမ်းများသည် မော်လမြိုင်မြို့၊ လွှတ်တော်ဘေးကွင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့မှ (၁၂)ကြိမ်မြောက် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းများ စုစုပေါင်း(၅၇)သင်းနှင့်အတူ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးအသင်းမှ အဋ္ဌမဆု ရရှိခဲ့ကြောင်း သတင်းရရှိပါသည်။




**ကချင်ပြည်နယ်**

၂၄-၂-၂၀၂၄ ရက်နေ့(တပို့တွဲလပြည့်နေ့)တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်မင်းဦး၏ လမ်းညွှန်မှုဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးက ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံးမှဝန်ထမ်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ပြည်နယ်ရုံးဘုရားခန်း၌ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များစုပေါင်း၍ ပဋ္ဌာန်းဒေသနာတော်မြတ်အား ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သတင်းရရှိပါသည်။




**ပဲခူးတိုင်းဒေသကြီး**

၂၂-၂-၂၀၂၄ ရက်နေ့ ၁၄၀၀ အချိန်တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးညိုဝင်းမှ ဦးဆောင်၍ ဝန်ထမ်းများစည်းလုံးညီညွတ်ရေး၊ ပျော်ရွှင်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကိုထိန်းသိမ်းရေး ဟူသောရည်ရွယ်ချက်ဖြင့် ပဲခူးတိုင်းဒေသကြီးရုံးဝင်းအတွင်း ဝန်ထမ်းများစုပေါင်း၍ မြန်မာ့ရိုးရာထမနဲထိုးပွဲ ပြုလုပ်ခဲ့ကာ ထမနဲများကို ဝန်ထမ်းမိသားစုဝင်များအား ပေးဝေခဲ့ကြောင်း သတင်းရရှိပါသည်။



**မန္တလေးတိုင်းဒေသကြီး**

၁၄-၂-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ ဝန်ထမ်းများသည် ရုံးဝင်းအတွင်း၌ တပို့တွဲလ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ဆွမ်းဆန်စိမ်းလောင်းလှူ



၂၄-၂-၂၀၂၄ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး စည်းရုံးရေးကော်မတီ၏စီစဉ်မှုဖြင့် မုံရွာမြို့၊ ရွှေစည်းခုံသာသနာ့ဗိမာန်တော်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်မှုအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် သံဃာတော်အပါး ၁၀၀ အား တန်ဖိုးငွေ ၁၀၈,၀၀၀/-(ကျပ်တစ်သိန်းရှစ်ထောင်တိတိ) ရှိ ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။

## ဆင်ဖြူစာသင်တိုက်သို့ ဆန်၊ ဆီနှင့် ဟင်းသီးဟင်းရွက် လှူဒါန်း

၂၂-၂-၂၀၂၄ရက်နေ့တွင် မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူးဦးမျိုးဇော်ဝင်း၏ လမ်းညွှန်မှုဖြင့် ဦးစီးအရာရှိ(စုံစမ်းရေး) ဦးကျော်သူရဦးဆောင်သည့် ကော်မတီဝင်များသည် မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်ရှိဆင်ဖြူစာသင်တိုက်သို့ ဆန်(၂၄)ပြည် (၁)အိတ်၊ ဆီ(၃)ပိဿာ(၁)ဘူး၊ ဝတ္ထုငွေ ၃၀,၀၀၀/-(ကျပ်သုံးသောင်းတိတိ)နှင့် ဟင်းသီးဟင်းရွက်တို့အပါအဝင် စုစုပေါင်းတန်ဖိုးငွေ ၃၂၀,၀၀၀/-(ကျပ်သုံးသိန်းနှစ်သောင်းတစ်ထောင်တိတိ)ကို (၁၉၀)ကြိမ်မြောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## နာရေးကူညီထောက်ပံ့ငွေ ပေးအပ်

### ပဲခူးတိုင်းဒေသကြီး



၇-၃-၂၀၂၄ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ရုံးမှ ညွှန်ကြားရေးမှူး ဦးညီညွန့်ဝင်း၏လမ်းညွှန်မှုဖြင့် စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးလှိုင်နှင့် ကော်မတီဝင်များက ၁-၃-၂၀၂၄ ရက်နေ့ ၁၄ ၄၅ အချိန် ပဲခူးမြို့၊ အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၅၀၀)တွင် နှလုံးသွေးကြောပိတ်ရောဂါဖြင့်ကွယ်လွန်ခဲ့သော စုံစမ်းရေးမှူး ဦးထွန်းဝင်း၊ အသက်(၅၁)နှစ်၏ ကျန်ရစ်သူမိသားစုအား နာရေးကူညီထောက်ပံ့ငွေ ၁,၇၁၄,၂၀၀/-(ကျပ်တစ်ဆယ့်ခုနစ်သိန်းတစ်သောင်းကိုးထောင့်နှစ်ရာတိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



အလားတူ ၂၃-၂-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ စည်းရုံးရေးကော်မတီအဖွဲ့ဝင် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် ကော်မတီဝင်များမှ ဦးစီးအရာရှိ(စုံစမ်းရေး) ဦးချစ်ကိုကိုလှိုင်၏ ဖခင်ဖြစ်သူ ဦးချစ်ကို၊ အသက်(၆၉)နှစ်၊ ဦးစီးအရာရှိ (စုံစမ်းရေး)(ငြိမ်း)သည် ၁၄-၂-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသဖြင့် နာရေးကူညီထောက်ပံ့ငွေ ၄၇၀,၀၀၀/- (ကျပ်လေးသိန်းခုနစ်သောင်းတိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

### မကွေးတိုင်းဒေသကြီး




၄-၃-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးဝင်းဦး၏ ကြီးကြပ်စီစဉ်မှုဖြင့် (၈/၁၇၆၀)ယာဉ်မောင်း-၅ ဦးမြင့်ကျော်၏ ဖခင်ဖြစ်သူ ဦးညွန့်သန်း အသက်(၆၅)နှစ်သည် ၃-၃-၂၀၂၄ ရက်နေ့တွင် အကြမ်းဖက်အုပ်စု PDFအဖွဲ့(စီစစ်ဆဲ)မှ ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ၄-၃-၂၀၂၄ ရက်နေ့တွင် အသက်ခံရပြီး သေဆုံးသွားပါသဖြင့် မကွေးတိုင်းဒေသကြီးရုံးဝန်ထမ်းများမှ နာရေးကူညီထောက်ပံ့ငွေ ၅၀၂,၀၀၀/- နှင့် ဝန်ထမ်းသက်သာချောင်ချိရေးကော်မတီမှ ထောက်ပံ့ငွေ ၅၀,၀၀၀/- စုစုပေါင်းထောက်ပံ့ငွေ ၅၅၂,၀၀၀/-(ကျပ်ငါးသိန်းငါးသောင်းနှစ်ထောင်တိတိ)အား ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အခြေခံစားသောက်ကုန် ထောက်ပံ့ပေးအပ်

၁၉-၂-၂၀၂၄ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးခင်ဇော်၏ လမ်းညွှန်မှုဖြင့် ကရင်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ အိမ်ထောင်သည် ဝန်ထမ်းတစ်ဦးလျှင် ပေါ်ဆန်းမွှေးဆန်(၆)ပြည်နှင့် ဆီ(၅၀)ကျပ်သား၊ ကျသင့်ငွေ ၃၉,၇၅၀/- နှုန်းဖြင့် (၂၄)ဦးကိုလည်းကောင်း၊ လူပျို/အပျိုတစ်ဦးလျှင် ပေါ်ဆန်းမွှေးဆန်(၃)ပြည်နှင့် ဆီ(၂၅)ကျပ်သား၊ ကျသင့်ငွေ ၁၉,၈၈၀/-နှုန်းဖြင့် (၂၇)ဦးတို့ကိုလည်းကောင်း စုစုပေါင်းဝန်ထမ်း (၅၁)ဦးတို့အတွက် တန်ဖိုးငွေ ၁,၄၉၀,၇၆၀/-(ကျပ်တစ်ဆယ်လေးသိန်းကိုးသောင်း ခုနစ်ရာ့ခြောက်ဆယ်တိတိ)ရှိ အခြေခံစားကုန် ဆန်နှင့်ဆီများကို ဝန်ထမ်းနှင့် မိသားစုဝင်များအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။





## မီးဖွားစရိတ် ထောက်ပံ့ပေးအပ်



၁၆-၂-၂၀၂၄ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ မိသားစုဝင်များက ၁၃-၂-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်စံပြရပ်ကွက်၊ ပြည်လမ်းရှိအမှတ်(၁) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)တွင် တက်ရောက်၍ သားဦးရတနာအားမွေးဖွားခဲ့သော (စ/၄၄၄၆) ဒုတိယစုံစမ်းရေးမှူး ဦးဘုန်းငွေတိုး၏ဇနီး ဒေါ်စုလှိုင်နှင်းအား မီးဖွားစရိတ်အဖြစ် ငွေကျပ် ၅၀,၀၀၀/-(ကျပ်ငါးသောင်းတိတိ)ကိုသွားရောက်၍ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မကွေးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီးရုံးဝင်းအတွင်းရှိ ရေသိုလှောင်ကန်များတွင် ကလိုရင်းဆေးမှုန့်များထည့်သွင်းပေး

၂၉-၂-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ရုံးစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးဦးဝင်းဦး၏ စီစဉ်ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီး ရုံးဝင်းအတွင်းရှိ ရေသိုလှောင်ကန်များတွင် ပိုးလောက်လန်းများကင်းရှင်းစေရေးအတွက် မကွေးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ငွေငွေမော်နှင့်အဖွဲ့မှ ရေသိုလှောင်ကန်များအတွင်းသို့ ကလိုရင်းဆေးမှုန့်များ ထည့်သွင်းပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၄)ကျင်းပ...မှ

ဖွံ့ဖြိုးမှုနောက်ကျသည့်နေရာများ၊ လုံခြုံရေးတည်ငြိမ်မှုမရှိသည့်နေရာများနှင့် လူသူအရောက်အပေါက်နည်းပြီး တောတောင်ထူထပ်သည့်နေရာများတွင် စိုက်ပျိုးထုတ်လုပ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက် တရုတ်ဖြူတို့ မြန်မာနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်ချိန်မှစပြီး ရှမ်းပြည်နယ်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာခဲ့ကြောင်း၊ ထို့နောက် ဗမာပြည်ကွန်မြူနစ်ပါတီမှစပြီး နောက်ပိုင်းပေါ်ပေါက်လာသည့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများမှ ၄င်းတို့ ရေရှည်ရပ်တည်နိုင်ရေးအတွက် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို တိုးချဲ့လုပ်ကိုင်လာခြင်းကြောင့် ရှမ်းပြည်နယ်သည် ကမ္ဘာတွင် ဘိန်းထုတ်လုပ်မှုအများဆုံးဆိုသည့် နာမည်ဆိုးနှင့် ကျော်ကြားခဲ့သည့် နေရာတစ်ခုဖြစ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၌ သောင်းကျန်းသူအဖွဲ့များအနေဖြင့် နိုင်ငံအတွင်းတည်ငြိမ်မှုမရှိအောင် လုပ်ဆောင်လျက်ရှိပြီး ၄င်းအခြေအနေကို အခွင့်ကောင်းယူကာ ၄င်းတို့၏ ဝင်ငွေရလမ်းဖြစ်သည့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများကို လုပ်ဆောင်နေကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့် သောင်းကျန်းသူအဖွဲ့များသည် အခြားနိုင်ငံမှ နည်းလမ်းမျိုးစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ ချိတ်ဆက်သယ်ဆောင်လျက်ရှိနေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဖက်ဖက်မှ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး လူသားမျိုးနွယ်တစ်ခုလုံးကို အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့နိုင်ငံများနှင့်အတူ လူလုပ်မူးယစ်ဆေးဝါး **(Synthetic Drug)**ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများသည် နိုင်ငံတော်၏ လုံခြုံရေးအထိ ခြိမ်းခြောက်နေသည့် ပြဿနာတစ်ရပ်အဖြစ် ရင်ဆိုင်နေရကြောင်း၊ ယခင်ကဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုသည် အဓိကပြဿနာတစ်ရပ်ဖြစ်ခဲ့သော်လည်း ယခုအခါ လူလုပ်မူးယစ်ဆေးဝါး **(Synthetic Drug)**ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများ ပိုမိုကြီးထွားကျယ်ပြန့်လာခဲ့ပြီး **Happy Water** ကဲ့သို့ လူလုပ်မူးယစ်ဆေးဝါးအသစ်များသည်လည်း နေ့စဉ်နှင့်အမျှပေါ်ထွက်နေသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တွေ့ရှိရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အထူးစစ်ဆင်ရေး ၃၉ ကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထူးစစ်ဆင်ရေး **Operation 39/24(2024)**ကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ပြောင်းဆေးဝါးများထုတ်လုပ်ရာတွင် အဓိကအသုံးပြုသည့် ဓာတုပစ္စည်းထိန်းချုပ်ရေးကဏ္ဍသည်လည်း အလွန်အရေးကြီးသဖြင့် ဓာတုပစ္စည်းများ လမ်းလွဲမရောက်ရှိစေရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဓာတုပစ္စည်းများဆိုင်ရာလုပ်ငန်းရှင်များကိုလည်း ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများ၊ သတ်မှတ်စည်းကမ်းချက်များ၊ အရေးယူခြင်းဆိုင်ရာပြစ်ဒဏ်များ သိရှိစေရန်အတွက် အသိပညာပေးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယနေ့ကမ္ဘာနှင့်အဝှမ်း ရင်ဆိုင်ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် တစ်နိုင်ငံတည်းဆောင်ရွက်၍မရဘဲ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အလွန်အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် **UNODC**၊ **AFPI**၊ **DEA** ၊ **NNCC** ၊ **ONCB** တို့နှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် **AA** အဖွဲ့သည်လည်း မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများနှင့် ပတ်သက်နေမှုများကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း **Mr.Kofi Annam** ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ ၂၀၁၇ ခုနှစ်အတွင်းပြုစုဖြန့်ဝေခဲ့သည့် အပြီးသတ်အစီရင်ခံစာတွင် ဖော်ပြခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် ပြည်မကိုဖြတ်ပြီး မူးယစ်ဆေးဝါးသယ်ဆောင်သည့်အဖွဲ့တွင် **AA** တပ်ဖွဲ့ဝင်များ ပါဝင်နေသည်ကို (၈) ကြိမ်ခန့် ဖမ်းဆီးဖော်ထုတ်ရရှိခဲ့ကြောင်း၊ **AA** အဖွဲ့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ပြည်တွင်းသတင်းများ၌သာ ကြေညာခဲ့ပြီး နိုင်ငံတကာအထိ သိရှိအောင် ဆောင်ရွက်ရမည်ဖြစ်၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာသံရုံးများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်တွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးမတည်မငြိမ်မှုများအပေါ် အခွင့်ကောင်းယူပြီး မြန်မာနိုင်ငံအတွင်းရှိ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် **PDF** အဖွဲ့များသည် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများနှင့် ဆက်စပ်ပတ်သက်နေသည်ကို ဖမ်းဆီးရမိဖြစ်စဉ်များမှ စစ်ဆေးဖော်ထုတ်တွေ့ရှိရပါကြောင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများမှ ရရှိသည့် ငွေကြေးများဖြင့် လက်နက်ခဲယမ်း၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်း ဆောင်ရွက်ပြီး နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေသည့်လုပ်ငန်းများ လုပ်ဆောင်နေကြသည်ကိုလည်း တွေ့ရှိရပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးစိုးအေး တို့မှ ရှေ့ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များတင်ပြခြင်း၊ တွဲဖက်အတွင်းရေးမှူးများမှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြခြင်းနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအမံများတင်ပြခြင်း၊ တက်ရောက်လာသူများမှ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လိုအပ်ချက်/အကြံပြုချက်များအား တင်ပြခြင်းများဆောင်ရွက်ပြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဗဟိုအဖွဲ့ ဥက္ကဋ္ဌမှ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

## ဆွမ်းဆန်စိမ်း(ဝတ္ထုငွေ)များ လောင်းလှူ

၁၅-၂-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး၏ လမ်းညွှန်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်း ဦးဆောင်သော ဝန်ထမ်းများသည် အောင်မြေသာစံမြို့၊ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ကျင်းပပြုလုပ်ခဲ့သည့် ဓမ္မာစရိယစာမေးပွဲ၊ ပထမပြန်စာမေးပွဲ၊ နိကာယ်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သော အထူးအောင်သံဃာတော်များ၊ သီလရှင်များ၊ စာအောင်သံဃာတော်များအားချီးမြှင့်သည့် (၃၆)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘုရား(၁)ဆူ၊ ပင့်သံဃာဆရာတော်ကြီး(၁၁)ပါး၊ အထူးအောင်သံဃာတော်(၂၇)ပါး၊ အထူးအောင်သီလရှင်(၆)ပါး၊ ရိုးရိုးအောင် သံဃာ(၁၂၁၉)ပါးနှင့် ရိုးရိုးအောင်သီလရှင်(၁၁၄)ပါး၊ စုစုပေါင်း (၁၃၇၈)ပါးအား စုစုပေါင်းတန်ဖိုးငွေ ၆၈၉,၀၀၀ိ/-(ကျပ်ခြောက်သိန်းရှစ်သောင်းကိုးထောင်တိတိ) ရှိ ဆွမ်းဆန်စိမ်း(ဝတ္ထုငွေ)များကို လောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။



## သံဃာတော်များအား ဆွမ်းဆန်နှင့်ဆီများ ဆပ်ကပ်လှူဒါန်း



၂၈-၂-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး၏ လမ်းညွှန်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်နွယ် ဦးဆောင်သောဝန်ထမ်းများသည် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ရဟန်း၊ သာမဏေ၊ သီလရှင်များ သာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဆွမ်း၊ ကွမ်းဝေယျာဝစ္စများ လိုအပ်မှုမရှိစေရေးအတွက် ချမ်းမြသာစည်မြို့နယ်၊ ညောင်ကန်ကျောင်းတိုက်ရှိ သံဃာတော်များအတွက် တန်ဖိုးငွေကျပ် ၁၂၀,၀၀၀ိ/-(ကျပ်တစ်သိန်းနှစ်သောင်းတိတိ)ရှိ ဆွမ်းဆန်နှင့် ဆီများအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၄)ကျင်းပ




၁၄-၃-၂၀၂၄ ရက်နေ့ ၁၄၀၀ အချိန်တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာ ခန်းမ၌ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၄)ကို ကျင်းပခဲ့ရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး၊ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်(၅၀)ဦးမှ လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ(၄၅)ဦးမှ **Video Conference** စနစ်ဖြင့်လည်းကောင်း စုစုပေါင်း(၉၅)ဦး တက်ရောက်ခဲ့ပါသည်။

မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာနှင့်အဝှမ်း လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် ပြဿနာတစ်ရပ်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုစသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွယ်လျက်ရှိပြီး နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က မူးယစ်ဆေးဝါးထုတ်လုပ်မှုကို ကြည့်ပါက လမ်းပမ်းဆက်သွယ်ရေးခက်ခဲသည့် နေရာများ၊ အုပ်ချုပ်မှုအလှမ်းဝေးသည့်နေရာများ၊

**စာမျက်နှာ (၁၅)သို့**

# အကျဉ်းဦးစီးဌာန၏ (၁၂)ကြိမ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ




၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့၌ ကျရောက်သော အကျဉ်းဦးစီးဌာန၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ရုံးအမှတ်(၄၉)၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် သံဃာတော်အရှင်သူမြတ် ၅ ပါး ပင့်ဖိတ်၍ ၀၆ ၀၀ အချိန်၌ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်း၊ ငါးပါးသီလခံယူခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

၁၀ ၃၀ အချိန်တွင် အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေနှင့် အကျဉ်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပါသည်။

ပထမဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အကျဉ်းဦးစီးဌာန၏ မှတ်တမ်းဗွီဒီယို **Clip** အား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တက်ရောက်လာကြသည့် အရာရှိများအား ပြသခဲ့ပါသည်။ ယင်းနောက် အကျဉ်းဦးစီးဌာနမှ ရဲဗလတံဆိပ်ရရှိသူ ၉ ဦးကိုယ်စား ၎င်းတို့၏ဇနီးနှင့်မိသားစုဝင်များကို ဂုဏ်ပြုလက်မှတ်တံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်နှင့် ထောက်ပံ့ငွေများပေးအပ်ခြင်း၊ ဌာနပြင်ပသင်တန်းများတွင် ထူးချွန်ဆုရရှိသူများနှင့် အားကစားထူးချွန်ဆု ရရှိသူဝန်ထမ်းများ၊ အုပ်ချုပ်မှုစွမ်းရည်အကောင်းဆုံးဆုရရှိသည့် တိုင်းဒေသကြီး/ပြည်နယ် ၃ ခုမှ ကိုယ်စားလှယ်များအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်ဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ဇနီးများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သတင်းရရှိပါသည်။